# လက်ပန်ချောင်းကျေးရွာ
## မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ( ၂၀၂၀ – ၂၀၂၁ )

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပခုက္ကူမြို့နယ် ၊ မြို့စိုးကျေးရွာအုပ်စု ၊ လက်ပန်ချောင်းကျေးရွာ
( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

# မာတိကာ


စာမျက်နှာ

မာတိကာ ၂

စကားချီ ၅

ပခုက္ကူမြို့နယ် ၊ လက်ပန်ချောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ ၇

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

၂။ **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** ၁၀

၃။ ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၀

( ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၀

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု ၁၁

(ဃ) ကျန်းမာရေးနှင့် အဟာရ ၁၁

( င) ပညာရေး နှင့် ကျွမ်းကျင်မှုများ ၁၂

( စ) ကျား/ မ ဆိုင်ရာ ဆက်နွယ်မှု ၁၂

၄။ ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ ၁၃

၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ
၁၄

၆။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၁၅

၇။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ အထောက်အကူပြုဇယားများ

(က) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ အခန်းကဏ္ဍ ၁၆

(ခ) ဖွံ့ဖြိုးရေး မိတ်ဖတ်အဖွဲ့အစည်း ၁၆

(ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၁၆

(ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ ၁၆

၈။ စီမံကိန်းအား စဉ်ဆက်မပျက် လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း ၁၇

(ခ) နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၁၈

(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၁၈

၉။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၁၉

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား ၂၀

ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား ၂၃

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၂၄

ဇယား (၅) ဓာတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ ၂၅

| | | |
|---|---|---|
| ဇယား (၆) | ဥစ္စာဓနအဆင့် အခြေအနေ | ၂၆ |
| ဇယား (၇) | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၇ |
| ဇယား (၈) | ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၈ |
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၂၈ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၃၀ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၃၂ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၃၃ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၃၅ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၃၆ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၇ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၈ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၉ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၀ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၄၂ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၄၃ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၄၅ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၄၇ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၈ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၉ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၅၀ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၅၁ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၅၁ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၅၂ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၅၄ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၅၄ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၅၅ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၅၆ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၅၆ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၅၇ |

| | | | |
|---|---|---|---|
| | ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၅၈ |
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၅၉ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၆၀ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၆၀ |
| | ဇယား (၃၉) | ကျား – မ ရေးရာ | ၆၁ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၆၂ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၆၃ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၆၄ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၆၄ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၆၅ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၆၅ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၆၆ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၆၇ |
| | ဇယား (၄၈) | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၆၇ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၆၈ |

**စကားချီး**

ပထမဦးစွာ ကျွန်ုပ်တို့ လက်ပန်ချောင်းကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာ (VDP) ကျေးရွာ အဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လက်ပန်ချောင်း် ကျေးရွာသူ/ သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ် ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိက အခက်အခဲဖြစ်နေသော ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပထမ ဦးစားပေး အနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး ကွန်ကရစ်လမ်းခင်းနိုင်ရေးအတွက် နည်းပညာ ဆိုင်ရာ ပူးပေါင်း ပါဝင်ကူညီမည့် ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက်ဝန်ထမ်းများအား ကျေးဇူးအထူးပင်တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရေး အထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချခဲ့ပါသဖြင့် ကျွန်ုပ်တို့ ကျေးရွာသူ/ သား များသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ကျေးရွာ လူထုသည်သာ အဓိက ပဓာန ကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေ ပြည်သူများ၏ ဘဝနှင့် ဆိုင်သော ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဝင်၍ ဆောင်ရွက်ရသော စီမံကိန်း ဖြစ်ကြောင်းကိုလည်း နားလည် သဘောပေါက်လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲ မှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင် အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တတ်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင် အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)

တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၂၁ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လက်ပန်ချောင်းကျေးရွာ
ပခုက္ကူမြို့နယ်

# လက်ပန်ချောင်းကျေးရွာ အရင်းအမြစ်ပြ မြေပုံ၊ ပခုက္ကူမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ် နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်း ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင် မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသော ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/ တိုမှာပါ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့် တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာ ဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှု များကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြော်အမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် ဆင်းရဲ ချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိက နေရာတွင် ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဦးစားပေး ရွေးချယ် ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာရောက်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်း အခက်အခဲများရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိက လိုအပ်ချက် များကိုသာ ဦးစားပေး စီမံကိန်း များအဖြစ် ရွေးချယ်သွားပါမည်ကျေးရွာဒေသခံများ အသိပညာ စွမ်းဆောင်နိုင်မှုဗဟုသုတနှင့် လိုအပ် သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ ဆောင်ရွက်သွားပါမည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

လက်ပန်ချောင်းကျေးရွာသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပခုက္ကူ-ဆိပ်ဖြူ ကားလမ်းမကြီး အရှေ့ဘက်တွင် တည်ရှိပြီး တန့်ကြည့်တောင်ဘုရားတောင်ခြေတွင် တည်ရှိပါသည်။ ပခုက္ကူမြို့နှင့် (၃၀) မိုင်ခန့် ကွာဝေးပါသည်။ တောင်ကုန်းချိုင့်ဝှမ်းများအား ပြုပြင်၍ နေထိုင်ရသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ တောင်ကျချောင်းများလည်း ပေါများပြီး မိုးရွာပြီးတိုင်း လမ်းပျက်ခြင်းများနှင့် အများဆုံး ကြုံတွေ့နေရသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ဧရာဝတီမြစ်ဘေးတွင် တည်ရှိပါသည်။

## (ခ) သဘာဝအရင်းအမြစ်

လက်ပန်ချောင်းကျေးရွာသည် မြစ်အရှေ့ဖက်ကမ်းတွင်ရှိသော ကိုင်းကျွန်းမြေ (၁၁၀.၅) ဧကရှိသော်လည်း ရရှိသူများမှာ (၅၀%)ခန့်သာရှိပြီး ကျန်မိသားစုများမှာ စားဝတ်နေရေး အဆင်ပြေစေရန် လက်ယက် တွင်းတိမ်ရေနံကျင်းများကို လုပ်ကိုင်စားသောက်သူများလည်း ရှိပါသည်။ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေနှင့် မြေလွတ်မြေလပ်များမရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၂၉)စုရှိပြီး၊ ကျား(၅၄၁)ဦး ၊ မ(၅၈၅)ဦးဖြင့် လူဦးရေပေါင်း (၁၁၂၆)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅)ဦး ထက်လျော့နည်းသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ (၆၀%) ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေးတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

လက်ပန်ချောင်းကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ ကိုင်းယာလုပ်ငန်း၊ ရေနံကျင်းလုပ်ငန်း၊ ကျပန်းလုပ်ငန်းဖြစ်ပြီး တရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စု(၅၀)သည် ဆင်းရဲ၊ အလွန်ဆင်းရဲအဖြစ်ခံယူထားပြီး အိမ်ထောင်စု(၄၅)သည် ချမ်းသာသည့် အဆင့်အတန်းနှင့် ကျန်အိမ်ထောင်စု (၂၃၄)စု သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုတိုင်းသည် မြစ်ရေတင်ဖြင်းဖြင့်သာ သောက်သုံးရေကို အမှီပြုနေရသော ကျေးရွာဖြစ်ပါသည်။ ချမ်းသာသော အိမ်ထောင်စုအများစုမှာ ကား(၁)စီးမှ (၂)စီး၊ ဆိုင်ကယ်(၁)စီးမှ(၃)စီးရှိကြပါသည်။ ချမ်းသာသည့် အိမ်တိုင်တွင် စလောင်း၊ တီဗီ၊ ဖုန်း၊(၁)ယောက်(၁)လုံးစီပိုင်ဆိုင်ကြပါသည်။ ကျေးရွာတစ်ရွာလုံး အိမ်ထောင်စုတွင်းမှ ကိုင်းမြေရရှိသူမှာ (၅၀%) သာဖြစ်၍ တစ်ဦးလျှင် (၀.၄၈) ဧကသာရရှိကြသော ကြောင့် လုပ်ကိုင်စားရန် ဝမ်းစာဖူလုံမှုမရှိသဖြင့် မိမိရရှိသော ခွဲတမ်းများကို အပေါင်ချထားပြီး အခြား ကျပန်းအလုပ်များ လုပ်ကိုင်ကြရပါသည်။ အလွန်မပြေလည်သော

အိမ်ထောင်စုများမှာ မိမိကိုယ်တိုင် လုပ်ကိုင်စားသောက်မှု မပြုနိုင်သူ သက်ကြီးရွယ်အိုများနှင့် ကလေးများပြီး လုပ်အားမရှိသူ၊ ကျန်းမာရေးမကောင်းသည့် မိသားစုများဖြစ်ကြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

လက်ပန်ချောင်းကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၁၅%) ဖြစ်သော အိမ်ထောင်စု(၅၀) ကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၃)လအောက် ဝမ်းစာဖူလုံမှုရှိသူ (၃၅) စု ခန့်ရှိပြီး (၃)လနှင့်(၆)လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်(၁၅)စုရှိပါသည်။ ၎င်းအိမ်ထောင်စု (၁၅)စုမှာ ဆွေမျိုးမွေးချင်းများမှ ထောက်ပံ့မှုရရှိကြပါသည်။ကျန်းမာရေးမကောင်း၍ ဆေးကုသ စရိတ်များကို မတက်နိုင် ဖြစ်ပေါ်လာပါက ကျေးရွာမှ ဝိုင်းဝန်းကူညီ ထောက်ပံ့ကြပါသည်။ အမျိုး သမီးဦးဆောင်သည့် အိမ်ထောင်စု (၄၆) စု ရှိပါသည်။ ၎င်းတို့မှာ မိသားစုမများကြပါ ။ ဆင်းရဲ၍ မိသားစုများသော မိန်းမဦးစီးသည့် အိမ်ထောင်စု(၁၆) စုရှိပါသည်။ သက်ကြီးရွယ်အို (၆၄) နှစ်နှင့် အထက် (၆၉)ဦး ခန့်ရှိသည့်အတွက် ကျေးရွာတွင် လုပ်နိုင်ကိုင်နိုင်သည့် လူငယ်များမှာ အရေ အတွက်များပြီး ဖွံ့ဖြိုးမှု အသင့်အတင့် ရှိပါသည်။ အကြွေးတင်ရှိမှုတွင် အထက်တွင် ဖော်ပြခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ တစ်နှစ်ပတ်လုံး (၁)သိန်းမှ(၅)သိန်းကျပ်အထိ အကြွေး တင်ရှိကြပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများမှာ ဈေးရောင်းဈေးဝယ် အနည်းငယ် ရှိပြီး၊ ကျန်သူများမှာ တောင်သူလုပ်ကိုင်သူများနှင့် ကြုံရာကျပန်းဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ကြရပါ သည်။ မြေနိမ့်ပိုင်းများတွင် မိုးသည်းထန်စွာရွာသွန်းချိန်တွင် တောင်ကျချောင်းများ စီးဆင်းသဖြင့် မြေပြိုမှု၊ ရေတိုက်စားမှုများ ဖြစ်ပေါ်ပြီး လမ်းပမ်းဆက်သွယ်ရေး ခက်ခဲပါသည်။ မပြေလည် သောအိမ်ထောင်စုနှင့် လွန်စွာအဆင်မပြေသော အိမ်ထောင်စုများမှာ စားနပ်ရိက္ခာဖူလုံးမှုမရှိသည့် ကို တွေ့ရှိရပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

လက်ပန်ချောင်းကျေးရွာရှိ ရွာသူ/သား အများစုသည် သာမာန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုသည်လည်း ကျန်းမာကြပါ သည်။ ရာသီဥတုကြောင့် ဖြစ်သောဖျားနာခြင်းမျိုးသာ အဖြစ်များပါသည်။ သွေးလွန်တုပ်ကွေးရောဂါ လည်း အဖြစ်နည်းပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားခြင်း မရှိပါ။ ဆီးချိုရောဂါဖြစ်ပွားသူ (၃၀) ဦး ရှိပါသည်။အရေးပေါ် ကျန်းမာရေးကိစ္စများ ပေါ်ပေါက်သည့်အခါများတွင် မြစ်ခြေဆေးရုံ၊ ပခုက္ကူ ဆေးရုံသို့ သွားရောက် ကုသကြပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

လက်ပန်ချောင်းကျေးရွာ၏ ပညာရေးအဆင့်အတန်း၌ ရွာသားရွာသူအများစုသည် အခြေခံအရေး၊ အဖတ်များတက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားပါသည်။ လက်ပန်ချောင်းကျေးရွာတွင် မူလတန်းကျောင်း ထိရှိပြီး စာသင်ခုံ၊ ကျောင်းဆောင်၊ ဆရာ/ဆရာမ လုံလောက်မှုမရှိပါ။ အထက်တန်း ကျောင်းသား၊ ကျောင်းသူများမှာ ရေနံချပ်၊ ကျွန်းချောင်း၊

မြစ်ခြေကျောင်း၊ပခုက္ကူ သွားရောက်ပညာသင်ကြားရပါသည်။ သို့သော် အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများမှာ လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရှိပါသည်။

### (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

လက်ပန်ချောင်းကျေးရွာတွင် ကျား၊မဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန် သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာ စီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု၊ ခေါင်းဆောင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု ဆောင်ရွက်မှုရှိကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေဆိုင်ရာ တရားမျှတမှုဆိုင်ရာများနှင့် ပတ်သက်၍ လူထုအသိအမြင်မရှိပါ။ ပညာရေးနှင့် သက်ဆိုင်သော ကိန်းဂဏန်းများအရ လက်ပန်ချောင်း ကျေးရွာတွင် မူလတန်းအထိ ပညာသင်ကြားပြီး အထက်တန်းပညာကို အခြားကျောင်းများတွင် သွားရောက် ပညာသင်ကြား နေရပါသည်။ တက္ကသိုလ်များတွင် တက်ရောက်နေသူ ကျောင်းသား၊ ကျောင်းသူဦးရေမှာလည်း အသင့်အတင့်ရှိပါသည်။ အမျိုးသား၊ အမျိုးသမီး ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ တန်းတူညီမျှဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | KG စာသင်ကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်း | ၁၀၀ | ၁ | လက်ပန်ချောင်းကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ အကူအညီ ယူ၍ဆောင်ရွက်သွားပါမည်။ | |
| ရေပေးရေး | စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း | ၉၉ | ၂ | လက်ပန်ချောင်းကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |
| လမ်းတံတား | ရွာလယ်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း | ၉၀ | ၃ | လက်ပန်ချောင်းကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |
| ကျန်းမာရေး | ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဆရာမ ရရှိအောင် ဆောင်ရွက်ခြင်း | ၈၅ | ၄ | လက်ပန်ချောင်းကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |
| ပညာရေး | ကျောင်းဆရာ/ဆရာမ ရရှိအောင် ဆောင်ရွက်ခြင်း | ၈၀ | ၅ | လက်ပန်ချောင်းကျေးရွာဖွံ့ဖြိုးရေးကော်မတီက ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |

**၅။** ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက် | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁ | KG စာသင်ကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်း | ၁ | √ | | | | |
| ၂ | စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း | ၂ | | √ | | | |
| ၃ | ရွာလယ်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း | ၃ | | | √ | | |
| ၄ | ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေး ဆရာမ ရရှိအောင် ဆောင်ရွက်ခြင်း | ၄ | | | | √ | |
| ၅ | ကျောင်းဆရာ/ဆရာမ ရရှိအောင် ဆောင်ရွက်ခြင်း | ၅ | √ | | | | |
| | | | | | | | |

**၆။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု

၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ– လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | KG စာသင်ကျောင်းဆောင်တည်ဆောက် ခြင်းလုပ်ငန်း | ၁၀၀ | | √ | | |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း | | | √ | | |
| ၃ | ရွာလယ်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း | | | √ | | |
| ၄ | ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေး ဆရာမ ရရှိအောင် ဆောင်ရွက်ခြင်း | | | | √ | |
| ၅ | ကျောင်းဆရာ/ဆရာမ ရရှိအောင် ဆောင်ရွက်ခြင်း | | | | √ | |

**၇။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမည့် တာဝန် ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

**(ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

လက်ပန်ချောင်း ကျေးရွာ KG စာသင်ကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်းအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ နည်းပညာအကူအညီများ ရယူ၍ ကျေးရွာလူထု၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့ အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၈။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ အိမ်ထောင်စု

များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက် များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက်များသည် စီမံကိန်းတိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံလွှာတင်ပြ သည့်အချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (Monitoring Report) ကို လူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်ပါမည်။ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ်ဦးတည်ပါမည်–

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါ မည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ

ပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါ မည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း**

စီမံကိန်းကာလပြီးမြောက်ချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့ အစည်းများ (နည်းပညာပံ့ပိုးပေးသူများ၊ ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင် များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါ သည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

နည်းပညာဆိုင်ရာအကူအညီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ၏ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | | | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅ | ၄ | ၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၉ | ၅၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၂၄ | ၇၃ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၃၅ | ၄၈၉ | ၉၂၄ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၀ | ၃၉ | ၆၉ | | |
| စုစုပေါင်း | | ၅၄၁ | ၅၈၅ | ၁၁၂၆ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၃၂၉ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုသနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လက်ပန်ချောင်းကျေးရွာသည် အလုပ်လုပ်နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာလူဦးရေပေါင်း၏ (၈၂%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဧချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြထားသော မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅၀ | ၃၃၀ | ၆ | ၂၅၀ | ၂၈၀ | ၁၆ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၀ | ၂၀၀ | ၂ | ၆၄ | ၁၄၀ | ၅ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၅ | | ၅ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | ၈၀ | ၁၉၀ | ၂ | ၁၀၄ | ၇၃ | | မြင့် ☐ လတ်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၃၀ | | ၂၀ | ၃ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂၈ | ၆၃ | | ၅၀ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | ၅ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | | ၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၅ | | | ၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈ | ၄၀ | ၁ | ၅ | ၂၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | | ၃ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | | ၃ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၀ | ၁၀၀ | ၁၀ | ၃၂ | ၅၀ | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဧ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၄၀၇ | ၉၈၆ | ၄၁ | ၅၄၁ | ၅၈၅ | ၂၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်**
**လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ – **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။လက်ပန်ချောင်း**ကျေးရွာတွင် တောင်သူလုပ်ငန်း၊ ကားလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပန်းရံ၊ လက်သမား၊အရောင်းအဝယ်၊ ရေနံတူးလုပ်ငန်းများ၊ စက်ချုပ်လုပ်ငန်းများများ အများဆုံး လုပ်ကိုင်ကြပြီး တစ်အိမ်ထောင်စုတွင် လုပ်ငန်း(၂မျိုး သို့မဟုတ် ၃မျိုး) လုပ်ကိုင်ကြပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၁၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၁၁၀၀၀ | | ၇၅၀၀ | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၃၀၀၀ | | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ | နေ့စား | | ၃၀၀၀ | | ၃၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးသာ အဓိကလုပ်ဆောင်ကြသဖြင့် အလုပ်သမားများ လုပ်အားခ များစွာ မရရှိပါ။လက်သမား၊ပန်းရံ လုပ်ငန်းများလည်း အနည်းငယ် လုပ်ကိုင်ကြသော အိမ်ထောင်စုများ လည်း ရှိပါသည်။ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းလည်း အနည်းငယ်ရှိပါသည်။အမျိုးသမီးများအနေဖြင့် စက်ချုပ်ခြင်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။နေ့စားလုပ်သားများအနေဖြင့် လက်ယက်ရေနံတွင်းများ တူးဖော် ကြပြီး ဝင်ငွေရှာဖွေကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

